**၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရန်အတွက် ဈေးနှုန်းကောက်ယူမှုဆိုင်ရာသင်တန်း ဖွင့်လှစ်ပို့ချ**

၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ် (ICP 2020 Round) အကောင်အထည်ဖော်ဆောင်ရန်အတွက် ဈေးနှုန်းစစ်တမ်းကောက်ယူမှုဆိုင်ရာသင်တန်းကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့မှ (၂၃) ရက်နေ့အထိ ရုံးအမှတ် (၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၌ ဖွင့်လှစ်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ဒေသအလိုက်ကုန်ပစ္စည်းအမျိုးအစားရွေးချယ်ခြင်း၊ ဈေးဆိုင်များရွေးချယ်ခြင်း၊ ဈေးနှုန်းစစ်တမ်းကောက်ယူမှုဆိုင်ရာ အခြေခံသဘောတရားများနှင့် ၂၀၂၀ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာနှိုင်းယှဉ်မှုအစီအစဉ်၏ ကုန်ပစ္စည်းကောက်ယူမှုလမ်းညွှန်စာအုပ် (ICP 2020 Product Catalogue) တွင်ပါဝင်သည့် ကုန်ပစ္စည်းသတ်မှတ်ချက် (Structured Product Description–SPD) များအား ပို့ချခဲ့ပါသည်။ ထို့အပြင် ကြီးကြပ်စစ်ဆေးသူများ၊ ဈေးနှုန်းစာရင်းကောက်ယူသူများနှင့် ဈေးနှုန်းစာရင်းကောက်အကူများအား ဈေးနှုန်းစစ်တမ်းကောက်ယူရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)၊ ICP Team မှ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅) ခုမှ ဝန်ထမ်း (၁၂၁) ဦးတို့ကို ဆွေးနွေးပို့ချခဲ့ပါသည်။







